**ဆည်မြောင်းဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇။)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

**၁။ ဤဥပဒေကို ဆည်မြောင်းဥပဒေ ဟု ခေါ်တွင်စေရမည်။**

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆည်မြောင်း ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန်ဖြစ်စေ စီမံဆောင်ရွက်ထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေမြောင်း၊ ရေတင်စက်ရုံ၊ မြေအောက်ရေတွင်း၊ ယင်းတို့နှင့်ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်၊ သဘာဝရေနုတ်မြောင်းတို့၏ အစိတ်အပိုင်းများ၊ တူးမြောင်း၊ ရေသွင်းရေလွှဲမြောင်း၊ မြောင်းပေါင်၊ ကမ်းပါးထိန်းနံရံတို့ကိုဆိုသည်။ အဆိုပါစကားရပ်တွင် ဆည်မြောင်းလုပ်ငန်း၊ ယင်းနှင့်ဆက်စပ်သော အဆောက်အအုံနှင့် စက်ယန္တရားလည်း ပါဝင်သည်။**

(ခ) **ဆည်မြောင်းနယ်နိမိတ် ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ဆည်မြောင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်။**

(ဂ) **ကျေးရွာဆည်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့်ကန်ကို ဆိုသည်။**

(ဃ) **လယ်ကြားမြောင်း ဆိုသည်မှာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဆည်မြောင်းမှ ရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့်ဆက်လျက် သတ်မှတ်သည့်အတိုင်း တူးဖော်သည့် ရေမြောင်းနှင့်သက်ဆိုင်သည့် အထောက်အကူပြုလုပ်ငန်းများကို ဆိုသည်။**

(င) **ရေနုတ်မြောင်း ဆိုသည်မှာ ဆည်မြောင်းများမှ ပိုလျှံရေနှင့် သဘာဝအလျောက်စီးဆင်းသော ရေကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းတို့မှ ကာကွယ်ရန်ဖြစ်စေ၊ ရေပေးသွင်းရန်ဖြစ်စေ တူးဖော်ထားသော ရေမြောင်း သို့မဟုတ် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေမြောင်း၊ ယင်းရေမြောင်းနှင့်ဆက်စပ်သည့် အဆောက်အအုံများကို ဆိုသည်။**

(စ) ကျေးရွာရေနုတ်မြောင်း ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်။

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်း ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲရန် လွှဲပြောင်းရယူထားသော ဆည်မြောင်းကို ဆိုသည်။

(ဇ) ရေယာဉ် ဆိုသည်မှာ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်၊ အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးနှင့် ရေတွင်ပေါ်သည့် အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဈ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ည) ဦးစီးဌာန ဆိုသည်မှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကို ဆိုသည်။

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဌ) ခရိုင်ဆည်မြောင်းအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သိုမဟုတ် ခရိုင်ရှိ ဦးစီးဌာနတာဝန်ခံကိုဆိုသည်။

(ဍ) မြို့နယ်ဆည်မြောင်းအရာရှိ ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်ရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဎ) ရေခွန် ဆိုသည်မှာ ရေအသုံးပြုခြင်းအတွက် ကောက်ခံသည့် အခွန်ကိုဆိုသည်။

(ဏ) ထိန်းသိမ်းခြင်းလုပ်ငန်း ဆိုသည်မှာ ဆည်မြောင်းလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်စပ်လျက် ရှိသော အဆောက်အအုံများ ပုံစံတကျရှိစေရန် သတ်မှတ်ချက်များနှင့်အညီ ပြုပြင် ထိန်းသိမ်းရသောလုပ်ငန်းကို ဆိုသည်။

(တ) အရေးပေါ်လုပ်ငန်း ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆည်မြောင်းကျိုးပေါက်ခြင်း သို့မဟုတ် ပျက်စီးနိုင်ခြင်းဖြစ်ပေါ်ပါက အချိန်မီ ပြင်ဆင်ရသောလုပ်ငန်းကို ဆိုသည်။

(ထ) အုပ်ချုပ်ရေးမှူး ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆည်မြောင်းတည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ခ ) တည်ဆောက်ပြီး ဆည်မြောင်းများကို ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းရန်၊

( ဂ ) ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ဆည်မြောင်းများကို ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကျရောက် လာပါက ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်လုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

( င ) စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပါအဝင် ဒေသအတွင်း ရေလိုအပ်ချက်ကို အဆင်ပြေ လွယ်ကူစွာ ရရှိစေရန်၊

( စ ) ဆည်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

## အခန်း (၃)

## ဆည်မြောင်းတည်ဆောက်ခြင်း

၄။ ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းသို့ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၅။ (က) ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာန အရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူလယ်သမားများနှင့်ညှိနှိုင်းပြီး ကြိုတင်စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများနှင့် ဆည်မြောင်းတည်ဆောက်မည့် နယ်နိမိတ်လျာထားခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် ဆည်မြောင်း တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သော မြေများ၊ အဆောက်အဦများ၊ သီးနှံများ၊ စားပင်သီးပင်များ

ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများကြိုတင်သိရှိရန် လုံလောက်သော အချိန်ပေး၍ ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန်ရှိပါက လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) အရ မိမိ၏ ဆုံးဖြတ်ချက်ကို လျော်ကြေး တောင်းဆိုသူထံ စာဖြင့်ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေ သတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အကြောင်းကြားစာရရှိသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ပုဒ်မခွဲ (က) အရ လျော်ကြေးငွေ သတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်ဆည်မြောင်း အရာရှိသည် ဆည်မြောင်းနှင့်ဆက်စပ်လျက်ရှိသော ဆည်၊ တာတမံလုပ်ငန်းများကို ဆောင်ရွက် ရမည်။

၉။ သဘာဝရေစီးရေလာကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ဆည်မြောင်း၊ တာတမံများ ရွေ့လျောပျက်စီးလာ၍ ဆည်မြောင်း၊ ဖြတ်မြောင်းများ အသစ်ပြောင်းရွှေ့ တူးဖော်တည်ဆောက်ခြင်းနှင့် မြေစာများ စုပုံခြင်းပြုရာတွင် လယ်ယာမြေနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေ တောင်းခံလာမှုများကို ခရိုင်ဆည်မြောင်းအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါလျော်ကြေးငွေ တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)

## ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း

၁၁။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်း အရာရှိ နှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် တည်ဆောက်ပြီး ဆည်မြောင်းနှင့် ဆက်စပ်သော အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့်ရေပေးအဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးခြင်းနှင့် လိုအပ်ချက်များ အချိန်မီပြုပြင်ခြင်း၊

(ခ) ဆည်မြောင်းပေါင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်းများကို တူးဖော်ဖယ်ရှားခြင်းနှင့် မြေသစ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ဆည်မြောင်းအတွင်း ရေမှတ်တိုင်များ စိုက်ထူ၍ ရေပေးဝေချိန် တစ်လျှောက် စောင့်ကြည့်ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

(င) ဆည်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းခြင်း၊

(စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့်ရေထိရောက်စွာ သိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်း ရေထုတ်တံခါးများ၊ ရေပိုလွှဲနှင့်ယင်းတွင်တပ်ဆင်ထားသော ရေတံခါး၊ ရေတံခါးရွက်များ၊ သဲထုတ်ရေတံခါးများနှင့် ဆက်စပ်နေသော စက်ပစ္စည်း အစိတ်အပိုင်းများ [illegible]ပြုပြင်ခြင်း၊

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752562
云报告 https://www.yunbaogao.cn